## ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး

## စတုတ္ထနေ့အစီအစဉ်

## [၂၃-၁၀-၂၀၁၂] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ စီမံကိန်းဖြစ်သော မိုးပွင့် အဆင့်မဟုတ်ဘဲ ရုံးတွင်လာရောက်သူ တိုင်းရင်းသား ပြည်သူ များကို သတ်မှတ်နှုန်းထားများနှင့်အညီ နိုင်ငံသားစိစစ်ရေး ကတ်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ ရပ်ဆိုင်းထားသော တပ်ကြီးရေအားလျှပ်စစ်စက်ရုံကို ပြုပြင်ထုတ်လုပ်နိုင်မည့် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ် (ကိုယ်စား) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေးလုပ်ငန်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဝင်းစိန်၊ ကဂ မဲဆန္ဒနယ်၏ ကဂမြို့နယ်အတွင်း မိုးတွင်းကာလ စိုက်ပျိုးမြေများ ရေနစ်မြုပ်မှု အခြေအနေ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ် (ကိုယ်စား) ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်၏ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ အစရှိသည့် ကောက်ပဲသီးနှံ အထွက်တိုးမျိုး များကို ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ^မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစိန်မြင့်၊ ဗိုလ်တထောင် မဲဆန္ဒနယ်က **"စက်မှုဇုန် ဥပဒေပြဋ္ဌာန်းရေး"** အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်က **"၁၉၇၅ ခုနှစ်တွင် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ အဖြစ် ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပယ်ဖျက်ပေးပါရန်"** အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"တိုင်းရင်းဆေး ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ပဉ္စမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။